## မာတိကာ


ကိုယ်ရေးအကျဉ်း

မိတ်ဆက်

(ပထမပိုင်း)

- အညိုရောင် နယ်မြေလေးထဲမှာ
- အသဲကွဲစေတဲ့ သီချင်း
- ဖုန်းမော်ရှာပန
- အနက်ရောင်ဆုံးပင်လယ်
- ဗကသ သမိုင်းလား၊ ဗကပ သမိုင်းလား
- နှင်းရည်တစက်၊ အိမ်မက်တသက်
- တောင်ခါးပြတ်ပေါ်က နှင်းခါးများ
- ဦးခင်မောင်မြင့်ရဲ့ သတိပေးစကား
- သဲလယ်ဘေးက အိမ်ကလေး
- ပတ္တနိကဇွန့ ကဲဆောင်ပွဲ
- ဗမာလူမျိုးကြီးဝါဒ ဆိုပဲ
- ကြွေးကြော်သံတွေ မလိုအပ်တဲ့အချိန်
- ဒုတိယနှင်းတွေ ရောက်မလာခင်
- နှစ်ကူး သတင်းစာရှင်းလင်းပွဲ
- ကျွန်တော်တို့ခေတ်က လေ့လာရေးအုပ်စုများ
- အစွဲအလမ်းကြောင့် ပျက်ခဲ့တဲ့အရာတွေ
- ပဋ္ဌမမြောက် ခေတ်မီမှု
- အရှောက် နှင်းတောင်တန်းတွေကို လွမ်းတဲ့အခါ...

(ဒုတိယပိုင်း)

- သယံနှံကျွန်း၊ တောင်ဥက္ကလာ စိတ်ရောဂါ
- ကိုယ်ယောင်ဖျောက်ထားသော သတ္တရာစ်များ
- ဒုက္ခသည် တော်လှန်ရေးသမား
- ဗကသ (နိုင်ငံခြားရေးကော်မတီ)
- ဒီဇင်ဘာ ကျိန်စာ အလွန်
- သက်ဝင်အောင်
- စစ်ထောက်လှမ်းရေးဆိုတာ
- အမေရိကန်ပရိုပိုဆယ်
- အိမ်မပြန်ချင်သူများ
- အလောင်းတွေဘေးမှာ ထမင်းစားတဲ့အခါ
- ဗမာစကားမပြောချင်သူတွေ
- မဲဆိုင်မြို့နယ်လေးမှာ
- ထုံးရှုံးစရာနှောင်ကြိုးလည်း မသေချာ
- လေကားထစ်များပေါ်က ပန်းရိုင်းများ
- လူသတ်ပွဲများနှင့် အုပ်စုဖွဲ့မှုများ
- ညနေရီရီအောက်က လမ်းခွဲ

(တတိယပိုင်း)

- ယိမ်းနွဲ့ အရိပ်လှိုင်းများ
- အိပ်မက်များမှလန့်နိုးခြင်း
- ကွန်မြူနစ် ခရိုနီအရင်းရှင်စနစ်
- ယဉ်ကျေးမှုတော်လှန်ရေးသစ်လား၊ ပါဝါအားပြိုင်မှုလား
- အိမ်ရှေ့မင်းသားများ
- နိုင်ငံရေးအီလစ်သားသမီးများနဲ့ နည်းပညာလွှမ်းမိုးမှု
- တောင်တန်းတွေပေါ်တက်၊ ကျေးလက်ဒေသတွေဆီဆင်း
- (၂၁) ရာစုပင်လုံညီလာခံလား အမျိုးသားရေး ထိပ်တိုက်တွေ့မှုလား
- ဦးကျော်မြင့်အတွေးအခေါ်ကို ကြိုက်သူများ
- မီးအများဆုံး ရှို့ခံရတဲ့အလဲ
- သမဂ္ဂ အလံတော် နယ်နိမိတ်အလွန်
- နယူးယောက်အထက်ပိုင်းဒေသ ဆီလီကွန်ချိုင့်ဝှမ်း
- တည်ငြိမ်မှုရဲ့အရင်းအမြစ်များ
- ဝေါဟာရ ဘာသာပြန်မှုတွေ
- စစ်ပွဲကို ဘယ်လိုရှုမြင်မလဲ
- ဝရုန်းသုန်းကားနှစ်ကာလများ
- အင်ဒိုနီးရှား ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေး


# ကိုယ်ရေးအကျဉ်း

အမည်ရင်း အောင်မိုးဝင်း။

လူငယ်ဘဝကို မန္တလေးမြို့တွင် ကြီးပြင်းခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ပညာဆည်းပူးရန် စတင်ရောက်ရှိ။ ကျောင်းသား နိုင်ငံရေးလှုပ်ရှားမှုများကို ၁၉၈၇ ငွေစက္ကူအရေးအခင်းမှာ စတင်ပါဝင်ခဲ့ပြီး ၁၉၈၈ မတ်လ ၁၃ ရက် ဖုန်းမော်ရှာပန - ရန်ကုန်စက်မှုတက္ကသိုလ် ကြို့ကုန်းဆောင်လှုပ်ရှားမှုများနှင့် ဇွန်လအရေးတော်ပုံတို့တွင်လည်း ဆက်လက် ပါဝင်လှုပ်ရှားခဲ့။

အရေးတော်ပုံကြီးသည် တစ်နိုင်ငံလုံးရှိ မြို့အသီးသီးသို့ ပျံ့နှံ့သွားပြီးနောက် ၁၉၈၈ စက်တင်ဘာ ၁၈ ရက်တွင် စစ်တပ်မှ အာဏာသိမ်းယူခြင်းခံခဲ့ရ။

ထို့နောက် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒီမိုကရေစီရေး လှုပ်ရှားမှုများနှင့် ဆက်သွယ်လှုပ်ရှားခဲ့။

၁၉၈၉ မေလနှင့် ၁၉၉၀ ခုနှစ်တွင် မန္တလေးတွင် ကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ညီလာခံသို့ တက်ရောက်ခဲ့။ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (အထက်ဗမာပြည်)၏ အထွေထွေ အတွင်းရေးမှူး တာဝန်နဲ့ ဗကသများအဖွဲ့ချုပ် (အထက်ဗမာပြည်)၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့။

ဗကသများအဖွဲ့ချုပ် (အထက်ဗမာပြည်)မှ ထုတ်ဝေသော 'ဗဟိန်းဂျာနယ်' နှင့် 'မီးဒုတ်သတင်းစဉ်'၊ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ ထုတ်ဝေသော 'ဒီရေသစ်ဂျာနယ်'၊ သံဃာ့သမဂ္ဂီမှ ထုတ်ဝေသော 'ဥတ္တမဂျာနယ်' တို့တွင် ဆောင်းပါးများ ရေးသားခဲ့။

၁၉၈၉ ခုနှစ် ဇွန်လ ၂၄ မှာ 'မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ' ကြွေးကြော်သံအောက်မှာ တိုက်ပွဲဝင်ခဲ့မှုကြောင့် မန္တလေး မဟာမြတ်မုနိဘုရားဝင်းအတွင်းမှာ ငြိမ်းချမ်းရေးဆရာတော် ဦးကဝိန္ဒ၊ ဗကသများအဖွဲ့ချုပ် (အထက်ဗမာပြည်) ခေါင်းဆောင်များနဲ့အတူ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရ။

၁၉၉၀ ခုနှစ်မှာ အဓိတက္ကသိုလ်သို့ပြန်လည် ရောက်ရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက် နိုဘယ်ငြိမ်းချမ်းရေးဆု ထောက်ခံဆန္ဒပြပွဲတွင် ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းအတွင်း ဦးဆောင်ပါဝင်မှုကြောင့် ဝရမ်းပြေးဖြစ်ခဲ့ရ။ နယ်တွင် ကျောင်းဆရာအဖြစ် ဇာတ်မြှုပ်နေထိုင်ခဲ့ရာမှ ၁၉၉၃ ခုနှစ်အကုန်၌ ရန်ကုန်စက်မှုတက္ကသိုလ်သို့ ပြန်လည်ရောက်ရှိခဲ့။ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်မိသားစုများအသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး စက်မှုတက္ကသိုလ် ကြို့ကုန်းဆောင် စာပေဟောပြောပွဲများနှင့် ပညာရေးလွတ်လပ်ခွင့်တို့အတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့။

၁၉၉၆ ခုနှစ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာကျောင်းသား လှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့မှုကြောင့် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အထူးသတင်းစာရှင်းလင်းပွဲ (၁၁ ဒီဇင်ဘာ ၁၉၉၆) ၌ ဗကပယူဂျီအဖြစ် စွပ်စွဲခံရ။ မြေအောက်သို့ တိမ်းရှောင်ပြီး ပြည်တွင်းမှာ တစ်နှစ်ကျော် ယို့ဝှက်ပုန်းအောင်းနေခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ထိုင်းနယ်စပ် လွတ်မြောက်ဒေသဆီသို့ ထွက်လာခဲ့။ ထိုင်းနယ်စပ်၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (နိုင်ငံခြားရေးရာကော်မတီ)ကို ဦးဆောင်ဖွဲ့စည်းခဲ့။

၁၉၉၉ အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိ။ Rochester Institute of Technology တွင် အင်ဂျင်နီယာနှင့် နိုင်ငံရေးသိပ္ပံ ဒီဂရီများအတွက် ပညာဆက်လက်သင်ကြားခဲ့။

၂၀၀၉ ခုနှစ်မှ စပြီး ယခုအချိန်ထိ လွတ်လပ်တဲ့အာရှအသံ (RFA) မှာ 'တံခါးများကို ဖွင့်လှစ်ခြင်း' အစီအစဉ်ကို အပတ်စဉ် တင်ဆက်ခဲ့။ နိုင်ငံတကာနိုင်ငံရေးနဲ့ ဒီမိုကရက်တိုက်ဇေးရှင်း ပညာရေးနဲ့ လူ့အဖွဲ့အစည်း တစ်ခု၏ အောင်မြင်မှု၊ ပြိုကွဲမှုများအကြောင်းကို သုံးသပ်ရေးသား ထုတ်လွှင့် လျက်ရှိ။

'အမေရိကန်တက္ကသိုလ်၊ အမေရိကန်ကျောင်းသား'နှင့် 'လွတ်လပ်ခြင်းကို စီးမျှောလိုက်ပါကြသူများ' စာအုပ်များကို ရေးသားထုတ်ဝေခဲ့။ ဆက်လက်၍လည်း ပညာရေးပရိုဂရမ်များအကြောင်းကို သုံးလတစ်ကြိမ် ထုတ်ဝေသွားမည်ဖြစ်သည်။

ယခုအခါ ဘွဲ့လွန် သုတေသန စာတမ်းများကို ဆက်လက် လုပ်ဆောင်နေပြီး အမေရိကန်ပြည်ထောင်စု မိုင်ယာမီမြို့၌ မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။